မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
November 5, 2024 Volume 84, Number 2

၅.၁၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၆.၆ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၈.၄ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၅၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၁.၉၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၅၀၀ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# ကြံစိုက်တောင်သူများ ကြံတစ်တန်ကြမ်းခင်းဈေး ကျပ် ၁၇၀,၀၀၀ သတ်မှတ်ပေးရန် မျှော်လင့်



၂၀၂၄-၂၀၂၅ ကြံကြိတ်ခွဲရာသီအတွက် ကြံတစ်တန် ကြမ်းခင်းဈေးကို ၁၇၀,၀၀၀ ကျပ် သတ်မှတ်ပေးရန် ကြံစိုက်တောင်သူများအနေဖြင့် မျှော်လင့်နေကြောင်း ကြံစိုက်တောင်သူများထံက သိရသည်။

သွင်းအားစုစရိတ်မြင့်တက်လာခြင်းကြောင့် ကြံတစ်တန်ကြမ်းခင်းဈေးကို ၁၇၀,၀၀၀ ကျပ်ပေးမှသာ အဆင်ပြေနိုင်ကြောင်း ၊ သက်ဆိုင်ရာ သကြားစက်များကို တောင်းဆိုရန် ဆောင်ရွက်နေကြောင်း သိရသည်။

“ တစ်နှစ်ထက်တစ်နှစ်စိုက်ပျိုးစရိတ်ကမြင့်တက်လာတယ်။ အခိက မြေဩဇာဈေးတွေတက်လာတယ်။ ၁၅၀,၀၀၀ပဲပေးမယ်ဆိုရင်ဘယ်လိုမှမကိုက်ဘူး၊ဒါကြောင့် ဒီနှစ်ကို ပိုပေးစေချင်တာ”ဟု ကြံစိုက်တောင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ် ကြံရာသီတွင် ကြံတစ်တန်ကြမ်းခင်းဈေးနှုန်း ၁၅၀,၀၀၀ ကျပ်အထိ ဈေးအမြင့်ဆုံးရခဲ့ကြောင်း ကြံကိုတစ်နှစ်လျှင်တစ်သီးစားသာစိုက်ပျိုးရခြင်းဖြစ်ကာ မြန်မာနိုင်ငံတွင် ကြံစိုက်တောင်သူပေါင်း ၃ သိန်းကျော် အထက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ ကြံစိုက်ဧကပေါင်း ၄ ဒသမ ၅ သိန်းကျော်ဝန်းကျင်ရှိပြီး ယင်းစိုက်ပျိုးမှုမှ သကြားထုတ်လုပ်မှုသည် နှစ်စဉ် ပျမ်းမျှတန်ချိန်ပေါင်း ၄ သိန်းခွဲမှ ၅ သိန်းကြားရှိကြောင်း

ကြံကို ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း) ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့ တွင်အများဆုံးစိုက်ပျိုးကြပြီး ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း ) တို့တွင်လည်း စိုက်ပျိုးကြောင်းသိရသည်။

**Source: popular News Journal**

## မန္တလေး ပဲ၊နှမ်းဈေးကွက်တွင် ပဲတီစိမ်းနှင့် ပဲကြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ပဲတီစိမ်းနှင့် ပဲကြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည် စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပဲ၊ ပြောင်း ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ပဲတီစိမ်းနှင့်ပဲကြီးမှာ ပြည်တွင်းဈေးကွက်အတွင်းဝယ်ယူမှုနည်းခဲ့ခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊လက်ရှိ ပဲတီစိမ်း နှင့် ပဲကြီးကို ကုန်သည်များဝယ်ယူမှုများလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

" အခု မန္တလေးဈေးကွက်ထဲမှာ ပဲတီစိမ်းနဲ့ပဲကြီး အမျိုးအစားတွေ အဝယ်တော်တော်လေး ပြန်လိုက်လာတယ်။ တခြား ပဲ၊ ပြောင်း၊နှမ်း စတဲ့ ကုန်စည်တွေလဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ၎င်းက ပြောပြသည်။

မန္တလေး ပဲ၊နှမ်း ဈေးကွက်အတွင်း လက်ရှိပေါက်ဈေးအရ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀,၀၀၀၊ ပဲကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

" ကုလားပဲနဲ့နှမ်းတွေကလဲ ဈေးကွက်ထဲမှာပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်။ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံတွေကလဲ ကုလားပဲနဲ့နှမ်းဝယ်ယူမှုတွေရှိပါတယ်။ တခြားနိုင်လွန်ပဲ၊ပဲစင်းငုံတို့ကလဲ အရောင်းအဝယ်ဖြစ်နေပါတယ် " ဟု ၎င်းက ပြောပြသည်။

ယခု ပဲ၊ပြောင်း၊နှမ်းဈေးကွက်အတွင်း လက်ရှိပေါက်ဈေးအရ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၄၀,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဘိုကလေးမြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ်တွင်ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်းဘိုကလေးမြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင်ဒေသထွက်ခဝဲသီးများကုန်စိမ်းဈေးကွက်တွင် အောက်တိုဘာလပထမပတ်မှစတင်ပြီး နိုဝင်ဘာလပထမပတ်ထိ အရောင်းအဝယ်ကောင်းလျက်ရှိပြီး လက်ရှိတစ်ရက်လျှင် ခဝဲသီးအလုံးရေ ၁၈,၀၀၀ မှ ၂၅,၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာကြောင်း၊အဆိုပါ ခဝဲသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇,၀၀၀

ထိ ဈေးပေါက်နေကြောင်း သိရသည်။

“ ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေတာပါ။လက်ရှိ ခဝဲသီးအလုံးရေ ၂၅,၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဝဲသီးက ဘိုကလေးမြို့နယ်က ဒေသထွက်ကုန်တစ်ခုပါ။အခုအရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေးကောင်းပါတယ်။ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။အခြားဒေသတွေက ခဝဲသီးတွေကို အဝယ်လိုက်နေပါတယ်။ ဒေသထွက်ကုန် ခဝဲသီးဝယ်ယူမှုကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာပါတယ်” ဟု ဘိုကလေးမြို့နယ်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးထံက သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကင်းမွန်ပိသာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကင်းမွန်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်ဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးကပြောပြသည်။


မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလ တစ်လအတွင်း ကင်းမွန်ပိဿာချိန် ၆၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့်အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကင်းမွန်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်အကြီးတစ်ပိဿာလျှင် ငွေကျပ် ၂၉,၅၀၀၊ အသေးတစ်ပိဿာလျှင် ငွေကျပ် ၂၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

“မအူပင်မြို့နယ်ကနေ ပြီးခဲ့တဲ့ အောက်တိုဘာလက ကင်းမွန်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ကင်းမွန်တွေ အဝင်များ ပြီး အရင်ကထက် ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ မအူပင်မြို့နယ်ကနေ ထွက်ရှိတဲ့ ကင်းမွန်တွေကို ရန်ကုန်ဈေးကွက် အဓိကတင်ပို့ရောင်းချလျက်ရှိပါတယ်။ အခု ပြည်တွင်းဈေးကွက်ကနေ ကင်းမွန်တွေ ဝယ်ယူမှုများပြားနေပါတယ်” ဟု မအူပင်မြို့နယ် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးကပြောပြသည်။

မအူပင်မြို့နယ်တွင် ကင်းမွန်များကို စနစ်တကျစစ်ဆေးသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကင်းမွန်များ ဝယ်ယူမှုများပြားလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ရောင်းလိုအား ပြတ်တောက်မှုကြောင့် မြေရှားသတ္တုဈေးနှုန်းများ မြင့်တက်လာနိုင်သည်ဟု Global Times သတင်းတွင်ဖော်ပြ



ရောင်းလိုအား ပြတ်တောက်မှုကြောင့် မြေရှားသတ္တုဈေးနှုန်းများ မြင့်တက်လာနိုင်သည်ဟု Global Times သတင်းတွင် ဖော်ပြထားသည်။

နိုဝင်ဘာလ စတင်ချိန်တွင် မြန်မာနိုင်ငံမှ ရောင်းလိုအား ပြတ်တောက်မှုများကြောင့်

မြေရှားပါးဈေးကွက် ပြန်လည်ရောက်ရှိလာပြီး ဈေးနှုန်းများစဉ်ဆက်မပြတ်မြင့်တက်လာမည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သတင်းတွင်ဖော်ပြထားသည်။

ပြီးခဲ့သည့် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် မြေရှားသတ္တုဈေးနှုန်းများ မြင့်တက်လာခဲ့ပြီးနောက် အချို့ရောင်းချသူများသည် ၎င်းတို့၏ ဈေးနှုန်းများကို သုံးလဆက်တိုက် တိုးမြှင့်ခဲ့ကြသည်။

ဥပမာအားဖြင့် Inner Mongolia Baotou Steel Rare-Earth သည် နိုဝင်ဘာလအတွက် မြေရှားသတ္တုများ၏ စာရင်းဈေးနှုန်းများကို ကြေညာခဲ့ရာ PrNdO ဟု အတိုကောက်ခေါ်လေ့ရှိသော praseodymium၊ neodymium oxide ကဲ့သို့သော ဈေးနှုန်းများသည် တစ်လထက်တစ်လ အနည်းငယ်တိုးလာသည်ကို တွေ့ရှိရသည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများအရ မြေရှားပါးဈေးကွက်ဈေးနှုန်းများ စဉ်ဆက်မပြတ် တိုးမြင့်လာဖွယ်ရှိကြောင်း အဆိုပါလုပ်ငန်းကို အနီးကပ်လေ့လာသူ လွတ်လပ်သောစက်မှုလုပ်ငန်း လေ့လာသုံးသပ်သူတစ်ဦးဖြစ်သည့် Wu Chenhui က Global Times ကို ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ရှားပါးမြေရှားပါးထောက်ပံ့မှု၏ ၅၀ ရာခိုင်နှုန်းကျော်ရှိပြီး အလယ်အလတ်နှင့် လေးလံသော ရှားပါးအိုင်းယွန်းသတ္တုရိုင်းများကို အဓိကထုတ်လုပ်နေကာ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့ထွက်ရှိမှု၏ ၁၁ ရာခိုင်နှုန်းကို တင်ပို့ထားသည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ဇန်နဝါရီလမှ စက်တင်ဘာလအထိ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ မြေရှားသတ္တုတန်ချိန် ၃၁,၀၀၀ တင်သွင်းခဲ့ကြောင်း တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအဖွဲ့၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/297111

## ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ မိုးနှမ်းများရိတ်သိမ်းပြီးစီး တောင်သူများအကျိုးအမြတ်များရရှိ



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် သီးနှံမျိုးစုံ နှစ်စဉ် စိုက်ပျိုးလျက်ရှိရာ မိုးနှမ်းသီးနှံစုစုပေါင်း ၃၂၂၆ ဧက စိုက်ပျိုးထားရှိပြီး ဝါးတောကျေးရွာအုပ်စု ဖားအိုင့်ကျေးရွာ၌ မိုးနှမ်း ၁၇ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မိုးနှမ်းကို ဇွန်လဆန်းပိုင်းတွင်စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ လုပ်သားခ၊ သွင်းအားစုအပါအဝင် တစ်ဧကလျှင် ငွေကျပ်လေးသိန်းခန့် ကုန်ကျပြီး တစ်ဧကလျှင် ၁၀ တင်းခန့် ထွက်ရှိကြောင်း၊ ယခုနှစ် မိုးနှမ်းတစ်တင်းလျှင် ငွေကျပ် ၁၅၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၁၁ သိန်း အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရွှေတောင်မြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ ရောင်းချလျက်ရှိပြီး ယခင်နှစ်ကထက် တစ်တင်းလျှင် ငွေကျပ် ၅၀,၀၀၀ ပိုမိုရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိလျက်ရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## လာအိုနိုင်ငံသည် တရုတ်-လာအို ရထားလမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်များ ပိုမိုတင်ပို့ရန် မျှော်လင့်

လာအိုနိုင်ငံသည် ရေရှည်တည်တံ့သော လယ်ယာထွက်ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့် တရုတ်-လာအို ရထားလမ်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့ရန် လယ်သမားများနှင့် ထုတ်လုပ်သူများကို အားပေး တိုက်တွန်းလျက်ရှိကြောင်း သိရသည်။

တရုတ်စားသုံးသူများအကြား အသီးအနှံဝယ်လိုအား မြင့်တက်လာမှုကြောင့် လာအိုနိုင်ငံ၌ ဒူးရင်းသီးစိုက်ရန် တရုတ်လုပ်ငန်းရှင်တချို့က စိတ်ဝင်စားလာကြောင်းနှင့် တရုတ်လူမျိုးများသည် ဒူးရင်းသီးကို အလွန်ကြိုက်နှစ်သက်သဖြင့် လာအိုနိုင်ငံ

အနေဖြင့် တရုတ်ဈေးကွက်မှ အကျိုးအမြတ်များစွာရနိုင်မည့် အခွင့်အရေးဖြစ်ကြောင်း လာအိုမြို့တော် ဗီယန်ကျန်းမြို့ရှိ သစ်သီးရောင်းချသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

လာအိုနိုင်ငံသည် သဘာဝသယံဇာတများပေါများပြီး စိုက်ပျိုးရန် သင့်တော်သည့်မြေများရှိ၍ တရုတ်နိုင်ငံအတွက် သီးနှံထောက်ပံ့ရန် အလားအလာရှိသော နိုင်ငံဖြစ်လာနိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။

The Lao National Chamber of Commerce and Industry (LNCCI) နှင့် တရုတ် စီးပွားရေးလုပ်ငန်းအဖွဲ့တစ်ဖွဲ့တို့သည် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် လာအိုဒူးရင်းသီးကဏ္ဍ၏ အလားအလာများကို ရှာဖွေဖော်ထုတ်ရန် မကြာသေးမီက အစည်းအဝေးတစ်ခုကို ကျင်းပခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးတွင် LNCCI ၏ ဒုတိယဥက္ကဋ္ဌ Bounleuth Luangpaseuth မှ လာအိုနိုင်ငံ၏ မြေသြဇာကောင်းသော စိုက်ပျိုးမြေတွင် ဒူးရင်းစိုက်ပျိုးမှု လျင်မြန်စွာ ကြီးထွားလာမှုကို အလေး ပေးပြောကြားခဲ့ပြီး တရုတ်-လာအိုရထားလမ်းသည် အရေးကြီးသော လမ်းပန်းဆက်သွယ်ရေး တစ်ခုအဖြစ် မီးမောင်းထိုးပြခဲ့ကြောင်း သိရသည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင်လည်း လာအိုစိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ Bounthieng Lattanavong က လာအိုနှင့် တရုတ်အစိုးရတို့သည် လာအို ထုတ်ကုန်များကို တရုတ်ဈေးကွက်သို့ ပို့ဆောင်နိုင်စေရန် အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရေး အထူးသဖြင့် တရုတ်-လာအို ရထားလမ်းပိုင်းအတွက် များစွာရင်းနှီးမြှုပ်နှံထားသည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ ထွက်ရှိမှု၊ ပြုပြင်ထုတ်လုပ်မှုနှင့် တင်ပို့မှုတို့ကို အားပေးမြှင့်တင်ရန်အတွက် သက်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အဆင့်မြှင့်တင်ရန်လာအို အစိုးရက အလေးထားဆောင်ရွက်ခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။

တရုတ်-လာအို ရထားလမ်းကြောင်းသည် ပို့ကုန်မြှင့်တင်ရာတွင် အရေးပါပြီး လယ်ယာထွက်ကုန်များ အထူးသဖြင့် လတ်ဆတ်သောထွက်ကုန်များ သယ်ယူပို့ဆောင်မှုအတွက် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း သိရသည်။

လာအိုနိုင်ငံမှ တောင်သူများသည် ထုပ်ပိုးမှုနှင့် ထောက်ပံ့ပို့ဆောင်ရေး အပါအဝင် ၎င်းတို့ ထုတ်ကုန်များ၏ အရည်အသွေးကို ထိန်းချုပ်ရန်လိုအပ်ကြောင်း၊ တရုတ်နိုင်ငံသည် ကြီးမားသော ဈေးကွက်တစ်ခုဖြစ်၍ ၎င်းတို့၏ထုတ်ကုန်များသည် တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် လိုအပ်သည့် အရည်အသွေးစံနှုန်းများနှင့် ကိုက်ညီပါက ဝင်ငွေအများကြီးရလိမ့်မည်ဟု ယုံကြည်ကြောင်း လာအိုမြို့တော် ဗီယန်ကျန်းမှ ရောင်းချသူ Manichanh Bounheuang က ပြောကြားခဲ့သည်။

လာအိုနိုင်ငံမှ ငှက်ပျောသီး တန်ချိန် ၃၉၀ ကိုတရုတ်နိုင်ငံသို့ အအေးခန်းတွဲရထားဖြင့် ပို့ဆောင်ခဲ့ပြီး လာအိုမြို့တော် ဗီယန်ကျန်းမှ ကူမင်းမြို့သို့ ထွက်ခွာကာ ပေကျင်းမြို့၊ ပင်ဂူခရိုင်သို့ ဆက်လက်ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရထားသည် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ဗီယန်ကျန်းမြို့မှ ထွက်ခွာခဲ့ပြီး အောက်တိုဘာလ ၂၀ ရက်နေ့တွင် ပေကျင်းမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ၄ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ၂၁ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လာအိုအစိုးရသည် ပြည်တွင်းဈေးကွက်၌ ကုန်ပစ္စည်းများ ပိုမိုရောင်းချနိုင်ရန်နှင့် လိုအပ်နေသော နိုင်ငံခြားငွေရရှိရန်နှင့် မြင့်မားသော နိုင်ငံခြားငွေလဲလှယ်နှုန်းကို လျှော့ချရန်အတွက် ပို့ကုန်တင်ပို့နိုင်ရေး ပိုမိုထုတ်လုပ်ရန် လယ်သမားများနှင့် ထုတ်လုပ်သူများအား တွန်းအားပေးလျက်ရှိကြောင်း သိရသည်။

**Source: en.people.cn/n3/2024/1101/c90000-20236678.html**

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/

## တရုတ်နိုင်ငံသည် စားသုံးမှုကို မြှင့်တင်ရန် မူဝါဒအသစ်များကို နိုဝင်ဘာလတွင် စတင်မည်

တရုတ်နိုင်ငံသည် နိုဝင်ဘာလတွင် အဓိကမြို့ကြီးငါးမြို့၌ စားသုံးမှုမြှင့်တင်ရေးပွဲများကို ဆက်တိုက်ကျင်းပမည်ဖြစ်ပြီး စားသုံးသူအသုံးစရိတ်ကိုမြှင့်တင်ရန် ရည်ရွယ်သည့် မူဝါဒအသစ်များကို ထုတ်ပြန်မည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Sheng Qiuping က ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါမူဝါဒများသည် စီးပွားရေးကိုမြှင့်တင်ရန်၊ လက်လီလက်ကားလုပ်ငန်းများ အားကောင်းလာစေရန်နှင့် ရှန်ဟိုင်းနှင့် ထျန်ကျင်းအပါအဝင် မြို့ကြီး ၂၀ တွင် ခေတ်မီကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ရွှေ့ပြောင်းစီမံချက်များကို အထောက်အကူဖြစ်စေရန်ဖြစ်ကြောင်း Sheng က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

ဝန်ကြီးဌာနသည် မော်တော်ယာဉ်ရောင်းချမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို စမ်းသပ်ဆောင်ရွက်မည် ဖြစ်သည့်အပြင် စားသုံးမှုမြှင့်တင်ရေးလုပ်ငန်းအစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Sheng မှ ပြောကြားခဲ့သည်။

စားသုံးမှုမြှင့်တင်ရေးပွဲများကို တရုတ်နိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သည့် ရှန်ဟိုင်း၊ ပေကျင်း၊ ကွမ်ကျိုး၊ ထျန်ကျင်းနှင့် ချုံချင့်မြို့များတွင် စတင်မည်ဖြစ်ကြောင်းနှင့် အဆိုပါမြို့များ၏ လူသုံးကုန်ပစ္စည်းများ လက်လီရောင်းချမှုသည် တစ်နိုင်ငံလုံး စုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းကျော်ရှိပြီး လူသုံးကုန်ပစ္စည်းတင်သွင်းမှု၏ ၅၀ ရာခိုင်နှုန်းကျော်ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါမြို့များ၌ အစားအသောက်ပွဲတော်များ၊ စုပေါင်းလှုပ်ရှားမှုအစီအစဉ်များနှင့် အားကစားလှုပ်ရှားမှုများအပြင် ပြပွဲနှင့် ဖျော်ဖြေပွဲများအပါအဝင် ဈေးဝယ်ခြင်း၊ စားသောက်ခြင်းနှင့် ခရီးသွားခြင်းဆိုင်ရာ လှုပ်ရှားမှုအမျိုးမျိုးကို ကျင်းပသွားမည်ဖြစ် ကြောင်း၊ စတိုးဆိုင်သစ်ဖွင့်လှစ်မှုအတွက် မက်လုံးများနှင့် စားသုံးသူဘောက်ချာများကဲ့သို့သော အထောက်အကူပြုအစီအမံများ ကို ဒေသန္တရအစိုးရများက စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုလှုပ်ရှားမှုများနှင့် မူဝါဒအသစ်များ ပေါင်းစပ်ခြင်းဖြင့် စားသုံးသူများအတွက် သိသာထင်ရှားသော အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း Sheng က ပြောကြားခဲ့သည်။

စားသုံးမှုကို နှိုးဆွခြင်းသည် စီးပွားရေးပြန်လည်ဦးမော့လာစေရန် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ယခုနှစ်တွင် အစိုးရသည် လူသုံးကုန်ပစ္စည်းများကို အဟောင်းပေးအသစ်ဝယ်သည့် အစီအစဉ် များအပါအဝင် ပြည်တွင်းဝယ်လိုအားကို မြှင့်တင်ရန် စီမံချက်အမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ ပထမ ၉ လတွင် တရုတ်နိုင်ငံ၏ လူသုံးကုန်ပစ္စည်းများ လက်လီရောင်းချမှု စုစုပေါင်းသည် ယွမ် ၃၅ ဒသမ ၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅ ထရီလီယံခန့်)ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ အဟောင်း ပေး အသစ်ဝယ်သည့်အစီအစဉ်အရ အောက်တိုဘာလ ၃၀ ရက်အထိ မော်တော်ယာဉ်များအတွက် ထောက်ပံ့ကြေး တောင်းခံ သည့်လျှောက်လွှာ ၁ ဒသမ ၆၈ သန်းရှိပြီး အိမ်သုံးပစ္စည်းများရောင်းချမှုမှာ အလုံးရေ ၂၄ ဒသမ ၀၃ သန်းအထိ ရှိလာပြီဖြစ် ကြောင်း ဖော်ပြထားသည်။

Source: https://www.chinadaily.com.cn/a/202411/01/WS6724b437a310f1265a1caf3c.html

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

https://myantrade.gov.mm/

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောင်ကောင်ဒေသ၏ ပြင်ပကုန်သွယ်မှု စာရင်းဇယား ထုတ်ပြန်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဟောင်ကောင်ဒေသ၏ ပို့ကုန်/သွင်းကုန်တန်ဖိုးများ အသီးသီးမြင့်တက်ခဲ့ရာ စုစုပေါင်း ပို့ကုန်တန်ဖိုး ၄ ဒသမ ၇ ရာခိုင်နှုန်း၊ ဟောင်ကောင်ဒေါ်လာ ၃၉၈ ဒသမ ၁ ဘီလီယံအထိ မြင့်တက်လာခဲ့ပြီး၊ သွင်းကုန်တန်ဖိုး ၁ ဒသမ ၄ ရာခိုင်နှုန်း၊ ဟောင်ကောင်ဒေါ်လာ ၄၅၁ ဒသမ ၃ ဘီလီယံ တိုးမြင့်ရောက်ရှိခဲ့ကာ ကုန်သွယ်မှုလိုငွေ ဟောင်ကောင်

ဒေါ်လာ ၅၃ ဒသမ ၂ ဘီလီယံရှိခဲ့ကြောင်း ဟောင်ကောင်ဒေသအစိုးရ၊ သန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာနမှ ထုတ်ပြန်သည့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များတွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးသည် ၂၀၂၃ ခုနှစ် အလားတူကာလထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ သွင်းကုန်တင်သွင်းမှုတန်ဖိုး ၇ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ကုန်သွယ်မှုလိုငွေ ဟောင်ကောင်ဒေါ်လာ ၂၇၀ ဒသမ ၀ ဘီလီယံရှိခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

နိုင်ငံ/ဒေသအလိုက် ပို့ကုန်တင်ပို့မှုအနေဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဟောင်ကောင်ဒေသမှ အာရှဒေသသို့ ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၆ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အာရှဒေသအတွင်း၌ ဟောင်ကောင်ဒေသ၏ အဓိကပို့ကုန် ဈေးကွက်များဖြစ်သည့် ဗီယက်နမ် ၃၃ ဒသမ ၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ ၁၉ ဒသမ ၈ ရာခိုင်နှုန်းနှင့် တရုတ်ပြည်မ ၁၂ ဒသမ ၃ ရာခိုင်နှုန်းတို့သို့ ပို့ကုန်တင်ပို့မှု တန်ဖိုးမြင့်တက်ခဲ့ပြီး၊ ပို့ကုန် တန်ဖိုး ကျဆင်းသည့် နိုင်ငံ/ဒေသများမှာ အိန္ဒိယ ၂၂ ဒသမ ၉ ရာခိုင်နှုန်း၊ ကိုရီးယား ၂၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ထိုင်ဝမ် ဒေသ ၁၈ ဒသမ ၈ ရာခိုင်နှုန်းတို့ဖြစ်သည်။

ဟောင်ကောင်ဒေသ၏ အာရှဒေသပြင်ပ အဓိကပို့ကုန်တင်ပို့ရာဒေသများအနက် နယ်သာလန် ၁၆ ဒသမ ၄ ရာခိုင်နှုန်းသို့ စုစုပေါင်း ပို့ကုန်တင်ပို့မှုတန်ဖိုး မြင့်တက်ခဲ့ပြီး၊ ဆွစ်ဇာလန် ၂၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် အမေရိကန် ၂ ဒသမ ၃ ရာခိုင်နှုန်းတို့သို့ စုစုပေါင်းတင်ပို့မှုတန်ဖိုး ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

သွင်းကုန်တင်သွင်းမှုတွင် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း သွင်းကုန်တန်ဖိုး မြင့်တက်ခဲ့ပြီး ဟောင်ကောင်ဒေသ၏ အဓိက သွင်းကုန်တင်သွင်းရာ နိုင်ငံ/ဒေသများဖြစ်သည့် ဗီယက်နမ်နိုင်ငံ ၂၄ ဒသမ ၄ ရာခိုင်နှုန်း၊ ထိုင်ဝမ် ၁၇ ဒသမ ၄ ရာခိုင်နှုန်း၊ ဖိလစ်ပိုင် ၁၆ ဒသမ ၁ ရာခိုင်နှုန်း၊ ကိုရီးယား ၁၃ ဒသမ ၅ ရာခိုင်နှုန်း၊ ဂျပန် ၉ ဒသမ ၄ ရာခိုင်နှုန်းနှင့် တရုတ် ပြည်မ ၁ ဒသမ ၁ ရာခိုင်နှုန်းတို့မှ သွင်းကုန်တင်သွင်းမှုတန်ဖိုး မြင့်တက်ခဲ့သည်။

သို့သော် ထိုင်းနိုင်ငံ ၁၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် အမေရိကန် ၉ ဒသမ ၈ ရာခိုင်နှုန်းတို့မှ သွင်းကုန်တင်သွင်းမှုတန်ဖိုး ကျဆင်းခဲ့သည်။

ကုန်စည်အလိုက် ပို့ကုန်/သွင်းကုန် အတက်အကျအနေဖြင့် ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဟောင်ကောင်ဒေသ၏ အဓိကကုန်စည်အုပ်စုအချို့၏ ပို့ကုန်တန်ဖိုး မြင့်တက်ခဲ့ပြီး အထူးသဖြင့် "office machines and automatic data processing machines" ပို့ကုန်တန်ဖိုး ၅၂ ဒသမ ၈ ရာခိုင်နှုန်း ဟောင်ကောင်ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံ မြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

သွင်းကုန်တင်သွင်းမှုအပိုင်းတွင် ဟောင်ကောင်ဒေသ၏ အဓိကသွင်းကုန်အုပ်စုအချို့၏ တင်သွင်းမှုတန်ဖိုး မြင့်တက်ပါသည်။

အထူးသဖြင့် "office machines and automatic data processing machines" ပို့ကုန်တန်ဖိုး ၅၂ ဒသမ ၈ ရာခိုင်နှုန်း ဟောင်ကောင်ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံ မြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ယခင်နှစ် စာရင်းဇယားများနှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဟောင်ကောင်ဒေသ၏ ပို့ကုန်တင်ပို့မှုတန်ဖိုး ဆက်လက်တိုးတက်လာကြောင်း၊ တရုတ်ပြည်မနှင့် ဥရောပသမဂ္ဂသို့ တင်ပို့မှု ပိုမိုမြင့်တက်ခဲ့သော်လည်း အမေရိကန်နှင့် အာရှဒေသရှိ အဓိကဈေးကွက်များသို့ တင်ပို့မှုများ ကျဆင်းခဲ့သည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုများနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမရေရာမှုများသည် ဟောင်ကောင်ဒေသ၏ ပို့ကုန်တင်ပို့မှုအပေါ် အကျိုးသက်ရောက်နိုင်သော်လည်း တရုတ်ပြည်မ၏ စီးပွားရေးတိုးတက်မည့် မျှော်မှန်းချက် မြင့်တက်လာခြင်းကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းနှင့် ဟောင်ကောင်ဒေသ အစိုးရအနေဖြင့် အခြေ

အနေကို အသေအချာ စောင့်ကြည့်နေမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

Source : စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့

https://myantrade.gov.mm/

## STOCK EXCHANGE (5.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,148 (Shares) | 31,563,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,500 | 8,400 | 485 | 4,075,000 | 33,109,694 | 278,121 |
| MTSH | 00002 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 5,332 | 17,580,600 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 35 | 294,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,950 | 1,950 | 1,900 | 1,846 | 3,507,450 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 1,130 | 1,871,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 1 | 4,500 | 10,497,598 | 47,239 |
| MAEX | 00008 | 3,200 | -50 | -1.54% | 3,250 | 3,250 | 3,200 | 1,319 | 4,231,150 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 5th Nov. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 393.54 | -1.67 | -0.42% | 395.46 | 396.43 | 393.54 | 10,148 | 31,563,700 | 8 | 742,294 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 10,148 (Shares) | 31,563,700 (MMK) |

### Main Board

As of 1:00 pm, 5th Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,148 (Shares) | 31,563,700 (MMK) |

| MYANPIX | 393.54 |
|---|---|
| | ▼ 1.67 |
| Total Volume (shares) | 10,148 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 742,294 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,250 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,200 | ▼ 50 |